ဓနုကတိုက်ကျေးရွာ

သထုံမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀ - ၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဓနုကတိုက်ကျေးရွာ၊ သထုံမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သထုံမြို့နယ်နှင့် ဦးကောင်းမြတ် - LIFT/ Technical Assistant Team တို့ ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ ဧပြီလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ဓနုကတိုက်ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ သထုံမြို့နယ်	၅
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၆
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၇
	(က) သီးနှံ စိုက်ပျိုးရေး	၇
	(ခ) မွေးမြူရေးလုပ်ငန်း	၇
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၈
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၈
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၈
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၈
	(ခ) ကျေးရွာ မီးလင်းရေး	၉
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၉
၆။	**ပညာရေး**	၁၀
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၀
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၁
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၁
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၂
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၄
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၅
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၁၃
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၁၉
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၆၁
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၆၃

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄/၂၅ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေး ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်

လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင် ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြ ထားပါသည်။

ဧပြီလ၊ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဓနုကတိုက်ကျေးရွာ

သထုံမြို့နယ်

ဓနုကတိုက်ကျေးရွာ သယ်ဇာတပြမြေပုံ၊ သထုံမြို့နယ်





ဓနုကတိုက်ကျေးရွာအုပ်စု ၊ ဓနုကတိုက်ကျေးရွာ

ရွာတွင်း ရွာဖြင့် ဆက်သွယ်ဆောင်ရွက်နေသော အဖွဲ့အစည်းများ

(Venn Diagram)

ရွာတွင်းအဖွဲ့အစည်း

(၁) အုပ်ချုပ်ရေး က-၅ (၃)
(၂) ရပ်မိရပ်ဖ က-၅ (၃)
(၃) ကျောင်းကျောင်းဆောင် ၇+၅=၁၂ (၂) ဆောင်အဖွဲ့
(၄) ဖီးသတ်အဖွဲ့ က-၃ (၂)
(၅) ဝိခင်နှင့် ကလေး မ-၅ (၂) ဆောင့်ရှောက်ရေး
(၆) အမျိုးသမီးရေးရာ မ-၅ (၂)
(၇) အိုးသူကြီးအဖွဲ့ ၅+၃=၈ (၂)
(၈) လူပျိုခေါင်းအဖွဲ့ က-၂၀ (၂)
(၉) အပျိုခေါင်းအဖွဲ့ မ-၂၀ (၂)



ဓနုကတိုက်ကျေးရွာ ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း

အကြောင်းအရာ	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
အိမ်ထောင်စု	၁၅	၁၅	၄၀	၅၈
မြေယာဝိုင်ဆိုင်မှု	၂၀ ဧက နှင့် အထက်	၁၀ ဧက နှင့် အထက်	၅ ဧက နှင့် အထက်	မြေယာမဲ့
အိမ်အဖြေအရေ	တိုက်အိမ် ၊ တိုက်ခံပျဉ်ထောင်အိမ် ၊	သွပ်မိုးပျဉ်ထောင် ၊	သစ်အိမ်ဖက်မိုး ၊	ဝါးအိမ်ဖက်မိုး ၊
ကျန်ထုတ်လုပ်နှုန်း	ကား ၊ ဆိုင်ကယ် ၊ ထော်လာဂျီ ၊ စက်အိုး	ကား ၊ ဆိုင်ကယ် ၊	ဆိုင်ကယ် ၊	

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ဓနုကတိုက်ကျေးရွာသည် မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၏ **ဓနုကတိုက်** ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ကတိုက်ကလေးကျေးရွာ၊ အနောက်ဘက်တွင် တောကြီး-သောင်ကြီး ရွာလမ်းမကြီး၊ မြောက်ဘက်တွင် လယ်ကွင်းများ၊ တောင်ဘက်တွင် **မြတ်မန်းအေးတောင်နှင့် ဘုန်းကြီးကျောင်း** တည်ရှိနေပါသည်။ ကျေးရွာတွင် ဗမာ၊ မွန်စသည့် တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြပြီး မွန်လူမျိုးမှာ လူနည်းစု ဖြစ်ပါသည်။ မြတ်မန်းအေးတောင်ပေါ်တွင် စေတီပုထိုးများ တည်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး၊ အပူအအေးမျှတမှု ရှိပါသည်။ စိုက်ပျိုး နိုင်သော မြေဧရိယာမှာ လယ်မြေ (၄၁၁) ဧကရှိပါ သည်။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက် ဟင်းသီးဟင်းရွက်ပင်များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် ရပ်မိရပ်ဖအဖွဲ့ (ကျား -၅ ဦး)၊ အုပ်ချုပ်ရေးအဖွဲ့ (ကျား - ၅ ဦး) သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စည်းရုံး လုပ်ဆောင်နေကြပါသည်။ ကာလသား ကာလသမီးအဖွဲ့ (ကျား - ၃၅ ဦး + မ - ၂၈ ဦး) သည် ကျေးရွာ၏ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်း လုပ်ဆောင်နေကြပါသည်။ အမျိုးသမီးရေးရာအဖွဲ့ (မ - ၅ ဦး)၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အဖွဲ့ (မ - ၅ ဦး) တို့

သည် ကျေးရွာ၏ ကျန်းမာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြ ပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ (က - ၇ ဦး+ မ -၅ ဦး) သည် ကျေးရွာ စာသင်ကျောင်းရှိ ဆရာ/ဆရာမများနှင့် ပူးပေါင်း၍ ကျေးရွာ၏ပညာရေးကဏ္ဍ တိုးတက် လာစေရေးအတွက် လုပ်ဆောင်လျက် ရှိပါသည်။ အိုးသူကြီးအဖွဲ့ (က - ၅ ဦး+ မ -၃ ဦး) နှင့် ဓမ္မစကြံဝတ်အဖွဲ့ (မ - ၁၃ ဦး) သည် ကျေးရွာ၏ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေး စသည့် အပိုင်းတို့တွင် ပါဝင်ဆောင်ရွက်နေကြပါသည်။ မီးသတ်အဖွဲ့ (ကျား -၃ ဦး) တို့သည် ကျေးရွာ၏ လုံခြုံရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်နေကြပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့် တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာဖွံ့ဖြိုးရေး အတွက်အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ သို့သော်လည်း **ဓနုကတိုက်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ မရှိပါ။**

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ဓနုကတိုက်ကျေးရွာတွင် ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (၂၀) အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၁၅) အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၂၀) အိမ်ထောင်စု၊ ၁၂.၅ ဧက အထက် တောင်သူကြီး (၁၅) အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် စပါးတစ်မျိုးတည်းကိုသာ အားထားစိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်းအိမ်ထောင်စုထက် ထက်ဝက်ခန့်ရှိပြီး အများစုသည် နေ့စားကျပန်းနှင့် ပြည်ပတွင် သွားရောက်လုပ်ကိုင်နေကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ မိုးစပါးနှင့် ဆောင်းသီးနှံဖြစ်သော ပဲအမျိုးမျိုးကို စိုက်ပျိုးကြပါသည်။ စပါးအထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှ (၃၀) တင်းသာ ရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် ထွန်စက် (၁) စီး၊ လက်တွန်းထွန်စက် (၁၀) စီးရှိပြီး၊ ခြွေလှေ့စက် (၁) လုံးနှင့် ရေစုပ်စက် (၄) လုံး ရှိပါသည်။ တချို့လယ်သမားများမှာ ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့ စက်များဖြင့်လည်း ဌားရမ်းလုပ်ကိုင်နေကြပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ၊ သီးနှံ မျိုးစေ့များကိုလည်း မြို့နှင့်အလှမ်းမဝေးသဖြင့် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံစျေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတဆင့် ရောင်းချနိုင်ကြပါသည်။

မိုးစပါးစိုက်ပျိုးရာတွင် စပါးဖျက်ပိုးနှင့် ခရုများ အနည်းငယ်ကျရောက်ပါသည်။ ၄င်းအပြင် မိုးကြီးသည့်အခါတွင် စပါးခင်းများအား ရေလွှမ်းမိုးသောကြောင့် လယ်ယာမြေများ ပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၉) အိမ်ရှိပြီး နွားကောင်ရေ (၂၁) ကောင်၊ ကြက်အိမ်ထောင်စု (၃၈) အိမ်မှ ဆိတ် (၃၀၆) ကောင်၊ အိမ်ထောင်စု (၁၈) အိမ်မှ ဘဲ (၁၃၀၁) ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာသည် သုဝဏ္ဏဝတီမြို့၊ သထုံမြို့တို့နှင့် နီးသောကြောင့် ကားမောင်းခြင်း၊ သုံးဘီးယာဉ်မောင်းခြင်း၊ ဆိုင်ကယ် ကယ်ရီဆွဲခြင်းတို့ကို လုပ်ကိုင်ကြပြီး တစ်ပိုင်တစ်နိုင် စျေးဆိုင်များ၊ လက်သမား၊ ပန်းရံလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါ သည်။ ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ ဝန်ဆောင်မှုများ မရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေ ဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာတတ်မြောက်မှု မရှိခြင်းတို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသဖြင့် အခြားဒေသများ နှင့် နိုင်ငံရပ်ခြားဒေသတို့တွင် လုပ်ကိုင်သူ ဦးရေများပြားသဖြင့် လုပ်သားအင်အား ရှားပါးပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

လယ်သမားများသည် စိုက်ပျိုးစရိတ် ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်တွင် ပုံစံ (၇) ဖြင့် တစ်ကေလျှင် (၁.၅) သိန်းနှုန်းဖြင့် (၁၀) ကေအထိ အလွယ်တကူ ချေးယူ၍ ရရှိနိုင်သော်လည်း ကိုယ်ပိုင်ရင်းနှီးငွေ နည်းပါးကြပါသည်။ မွေးမြူရေးလုပ်ငန်း များနှင့် စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင် များသည် ချေးငွေများ လွယ်ကူစွာ လိုသလောက်မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ် လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းနေကြပါသည်။ ကျေးရွာအတွင်းရှိ ငွေချေးသူများထံမှ တစ်လအတိုးနှုန်း (၅-၁၀) ရာခိုင်နှုန်းထိ ချေးယူနေကြရပါသည်။ ထို့ကြောင့် အတိုးနှုန်း သက်သာသော ကာလရှည်ချေးငွေများ ရရှိရန် လိုလားကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ကားမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင် နေသည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် စက်ဘီး (၁၁၅) စီး၊ မော်တော် ဆိုင်ကယ် (၆၇) စီး၊ သုံးဘီးဆိုင်ကယ် (၁) စီး၊ ထော်လာကျီ (၁၂) စီး၊ ကား (၅) စီး စသည် ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာအတွင်းတွင် ကွန်ကရစ်လမ်း (၁) လမ်းနှင့် မြေသားလမ်း (၂) လမ်းရှိပြီး ကွန်ကရစ်လမ်းကို လွတ်တော်ရန်ပုံငွေနှင့် ကျေးရွာမှ ပံ့ပိုးငွေလုပ်အားများဖြင့် အားတက်သရောလုပ်ဆောင်ကြခြင်း စသည်တို့ကြောင့် ကိုယ်ထူကိုယ်ထလမ်း ဖောက်လုပ်ရာ တွင် ပို၍အဆင်ပြေစွာ ဆောင်ရွက်နိုင်ပါသည်။ မြေသားလမ်းများမှာ မိုးတွင်းကာလများတွင် လမ်းများပေါ်သို့ ရေကျော်ပြီး ဗွက်များ၊ ချိုင့်များဖြစ်ကာ သွားလာရအဆင်မပြေမှုများ ရှိနေပါသည်။

ဓနုကတိုက်ကျေးရွာတွင် ကွန်ကရစ်တံတား (၆) စင်း ရှိကာ တံတားအမှတ် (၅) တို့မှာ လွန်ခဲ့သောနှစ်များစွာက တည်ဆောက်ခဲ့ခြင်းကြောင့် ပျက်စီးယိုယွင်းမှု အနည်းငယ် ရှိပြီး ပြုပြင်ရန်လိုအပ်နေပါသည်။ ကျေးရွာချင်းဆက်လမ်းမကြီးပေါ်ရှိ တံတားများမှာ ကားကြီးများ၊ တန်ပိုယာဉ်များ ဖြတ်သန်းနေကြပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓာတ်အားလိုင်းအား ချိတ်ဆက်၍ လျှပ်စစ်မီးအသုံးပြုနေကြသည့် အိမ်ထောင်စု (၉၀) စုရှိပြီး၊ ဆိုလာစနစ်၊ အခြားနည်းစနစ်များဖြင့် မီးသုံးစွဲနေသော အိမ်ထောင်စုများလည်း ရှိပါသည်။ ကျေးရွာသည် ကတိုက်ကလေးဝိုင် ထရန်စဖော်မာ နှစ်လုံးမှ လျှပ်စစ်မီးကို မျှဝေသုံးစွဲနေရသော်လည်း လျှပ်စစ်မီးနှင့်ပတ်သက်သည့် အခက်အခဲများ မရှိပါ။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဓနုကတိုက်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၁၈၂) လုံး၊ ရေဒီယို (၃၀) လုံး၊ တီဗွီ (၉၃) လုံး၊ ဂြိုလ်တုစလောင်း (၈၇) လုံး စသည်တို့မှ ရရှိသည့်အပြင် အနီးကျေးရွာဖြစ်သော ကတိုက်ကလေးကျေးရွာတွင် ဖုန်းတာဝါတိုင်လည်း ရှိသဖြင့် ဆက်သွယ်ရေး ဆိုင်ရာ အခက်အခဲများ အထူးတလည် မရှိပေ။

၆။ ပညာရေး

ကျေးရွာဝိုင် မူလတန်းကျောင်းတွင် မူလတန်းအဆင့်ပညာရေးကို သင်ကြားနိုင်ပြီး အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်များကို ကတိုက်ကလေးကျေးရွာတွင် ဆက်လက်ပညာသင်ယူကြပါသည်။ တက္ကသိုလ်တက်နေသည့် ကျောင်းသားကျောင်းသူ များလည်း အနည်းငယ်ရှိပါသည်။ မူလတန်းကျောင်းတွင် ကျောင်းဆောင် တစ်ဆောင်သာ ရှိပြီး KG ကျောင်းဆောင်တစ်ဆောင် လိုအပ်နေပါသည်။ လက်ရှိ ကျောင်းဆောင်မှာ အမိုးအကာများ ပျက်စီးနေ၍ မိုးတွင်းကာလများတွင် အခက်အခဲ အနည်းငယ်ရှိနေပါသည်။ ထို့ပြင် ကျောင်းသုံးပရိဘောဂများလည်း လုံလောက်မှုမရှိပါ။ ကျောင်းသုံးအိမ်သာမှာ ပျက်စီးနေ၍ ပြုပြင်ရန် လိုအပ်နေပါသည်။ ရပ်ဝေးကျောင်းဆရာ/ ဆရာမများတွက် ဝန်ထမ်းအိမ်ရာလည်း လိုအပ်နေပါသည်။

ကျေးရွာတွင် စာမတတ်သည့် လူဦးရေ အများစုမှာ သက်ကြီးရွယ်အိုများ ဖြစ်ကြပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၄၄.၀၃) ရာခိုင်နှုန်း ၊ အလယ်တန်း အဆင့် စာတတ်မြောက်သူများမှာ (၃၆.၃၅) ရာခိုင်နှုန်း၊ အထက်တန်းအဆင့် စာတတ်မြောက်သူများမှာ (၁၀.၀၆) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ (၄.၄) ရာခိုင်နှုန်းတို့ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူ့စွမ်းအား အရင်းအမြစ်ကောင်းများ ဖြစ်ကြပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျှက် ရှိပါသည်။ ကျေးရွာတွင် ကျေးလက် ကျန်းမာရေးဌာနခွဲ မရှိသော်လည်း ကတိုက်ကလေးကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဌာနခွဲရှိသည့်အတွက် သာမန်ဖျားနာမှုများကို ကုသနိုင်ပါသည်။ သုဝဏ္ဏဝတီမြို့ တိုက်နယ် ဆေးရုံနှင့် သထုံမြို့သို့ အလွယ်တကူသွားလာနိုင်သောကြောင့် အရေးပေါ်အခြေအနေတွင် ပို့ဆောင်ပေးနိုင်သဖြင့် ကျန်းမာရေးနှင့် ပတ်သက်သည့် အခက်အခဲများ မရှိပေ။

ကျေးရွာတွင် သုံးရေများကို ရွာလယ်ရှိ အများသုံးမြေသားရေကန်တစ်ကန်ကိုသာ အဓိကထား အသုံးပြုကြပြီး နွေအခါတွင် နံရံပေါ်ရှိ သစ်ပင်မြက်ပင်များ ရေကန်အတွင်း ကျသောကြောင့် ရေညစ်ညမ်းသဖြင့် ကန်ဘောင်ကို အုတ်စီနံရံဖြင့် အဆင့်မြှင့်တင်ရန် လိုအပ်ပြီး သောက်ရေအတွက် စက်ရေတွင်းနှင့် ရေလှောင်ကန်တစ်ကန် လိုအပ်နေပါသည်။ သောက်ရေအတွက် ကတိုက်ကလေးကျေးရွာတွင် သွားရောက်သယ်ယူနေရပါသည်။ ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာများကို အသုံးပြုသည့် အိမ်ထောင်စု အများအပြားရှိပြီး မသန့်ရှင်းသောယင်လုံအိမ်သာ အသုံးပြု သည့် အိမ်ထောင်စုမှာ အနည်းငယ်သာ ရှိပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ဓနုကတိုက်ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ နှင့် လက်လုပ်လက်စားကျပန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက် ပို၍ ထိခိုက်ခံစားရ လွယ်ကူနိုင်ပါသည်။

ဓနုကတိုက်ကျေးရွာတွင် မိုးရာသီတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှု များပါသည်။ တီဘီရောဂါဖြစ်ပွားသည့် လူနာအနည်းငယ်သာ ရှိပါသည်။ တိရိစ္ဆာန်ရောဂါ များသည် ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ခွာနာ၊ လျှာနာရောဂါနှင့် ကြက်၊ ဝက် တုပ်ကွေး ရောဂါများ ဖြစ်ပွားမှု အနည်း ငယ် ရှိပါသည်။

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ဓနုကတိုက်ကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအဝိုင်းတွင် အမျိုးသမီးများ ပါဝင်မှု အားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှု လုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် - ဓနုကတိုက်			ကျေးရွာအမည် - ဓနုကတိုက်	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကျေးရွာတွင်းလမ်း လမ်းအမှတ် (၃) (၄၄၄၄၄–x၁၂–x ၈")အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။	ဦးစားပေး (၁)
၂	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကျေးရွာတွင်းလမ်း လမ်းအမှတ် (၂) (၇၀၀–x၁၂–x ၈")အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။	ဦးစားပေး (၂)
၃	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကျေးရွာတွင်းလမ်း လမ်းအမှတ် (၄) (၇၀၀–x၁၂–x ၈")အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။	ဦးစားပေး (၃)
၄	အခြေခံအဆောက်အဦ	သောက်သုံးရေ	ကျေးရွာမြေသားရေကန်အား ကျောက်စီနံရံ ပြုပြင်ခြင်း။	
၅	စိုက်ပျိုးရေး	နည်းပညာ	ပိုးမွှား၊ ရောဂါကာကွယ်နှိမ်နှင်းရေး နည်းပညာသင်တန်း/ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။	
၆	စိုက်ပျိုးရေး	ရေ	ပယ်ကြားချောင်း ကောနေမှုအား တူးဖော်ခြင်း။	
၈	စိုက်ပျိုးရေး	နည်းပညာ	မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။	
၉	ငွေကြေး	ရပ်ရွာအခြေပြု	မြစိမ်းရောင်ချေးငွေစီမံကိန်း ရရှိရန် ချိတ်ဆက်ခြင်း။	
၁၀	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	စာသင်ကျောင်းဆောင် အမိုး၊ အကာ ပြုပြင်ခြင်း။	
၁၁	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းဆရာ/ဆရာမ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း။	
၁၂	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းအိမ်သာ (၂) ခန်းတွဲ ဆောက်လုပ်ခြင်း။	
၁၃	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကျေးရွာနောက်ဘက်ကုန်ထုတ်လမ်း (၁) မိုင်ခွဲ နှင့် ရွာရှေ့ဘက် ကုန်ထုတ်လမ်း	

ကျေးရွာအုပ်စုအမည် - ဓနုကတိုက်			ကျေးရွာအမည် - ဓနုကတိုက်	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
			ဖောက်လုပ်ခြင်း၊ ကျေးရွာအရှေ့ဘက် ကုန်ထုတ်တံတား တည်ဆောက်ခြင်း။	
၁၄	အခြေခံအဆောက်အဦ	သောက်သုံးရေ	အဝီစိတွင်း (၁) တွင်း တည်ဆောက်ခြင်းနှင့် စမ်းသပ်တူးဖော်လိုခြင်း။	
၁၅	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	ကျေးရွာပိုင် စာကြည့်တိုက်/ လေ့လာသင်ယူရန် နေရာတစ်ခု ဖန်တီးခြင်း။	
၁၆	လူငယ်နှင့်အားကစား	အားကစား	အားကစားကွင်းအတွက် နေရာတစ်ခု ဖန်တီးခြင်း။	

နောက်ဆက်တွဲ (၁)

ဓနုကတိုက်ကျေးရွာ၊ ဓနုကတိုက်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးအောင်နိုင်	ဦးတင်ရီ	၁၀/သထန(နိုင်) ၀၀၉၆၇၂	၅၅	အုပ်ချုပ်ရေးမှူး	၀၉-၂၅၅၉၁၃၃၇၀
၂	ဦးကျော်လေး	ဦးမောင်ကျော်	၁၀/သထန(နိုင်) ၀၅၆၅၁၇	၇၇	နယက	-
၃	ဦးလှဝင်း	ဦးလှချစ်	၁၀/သထန(နိုင်) ၀၅၆၅၈၀	၆၃	နယက	-
၄	ဦးမောင်ဝင်း	ဦးသိန်းမောင်	၁၀/သထန(နိုင်) ၀၅၆၅၆၈	၈၁	နယက	-
၅	ဦးဝင်းမြင့်	ဦးရှိန်	၁၀/သထန(နိုင်) ၀၇၉၄၈၈	၅၄	ဥက္ကဋ္ဌ	၀၉-၆၉၄၁၉၅၅၉၆
၆	ဦးကြည်လွင်	ဦးတင်မြင့်	၁၀/သထန(နိုင်) ၀၅၆၄၉၃၃	၄၇	အတွင်းရေးမှူး	၀၉-၆၉၉၅၄၅၀၁၇
၇	ဦးမြင့်တင်	ဦးလှမြင့်	၁၀/သထန(နိုင်) ၁၂၂၈၅၈	၄၆	ဘဏ္ဍာရေးမှူး	၀၉-၆၉၇၃၇၀၄၆၄
၈	ဦးကျော်မင်းဦး	ဦးလှဝင်း	၁၀/သထန(နိုင်) ၁၂၂၈၄၈	၄၁	အဖွဲ့ဝင်	၀၉-၂၅၅၇၇၈၄၀၉
၉	ဒေါ်နီနီဝင်း	ဦးစိုးသန်း	၁၀/သထန(နိုင်)	၄၅	စာရင်းကိုင်	၀၉-၇၉၃၄၅၈၇၀၈

၁၈	ဦးမြဝင်း	ဦးသောင်းရွှေ	၁၈/သထန(နိုင်) ၀၅၅၆၉၄	၇၃	အဖွဲ့ဝင်	-
၁၁	ဦးဌေးဝင်း	ဦးဖိုးကျော်	၁၈/သထန(နိုင်) ၁၃၈၆၈၅	၅၆	အဖွဲ့ဝင်	-
၁၂	ဦးကျော်မိုက်	ဦးမောင်ဦး	၁၈/သထန(နိုင်) ၁၁၃၂၉၄	၃၉	အဖွဲ့ဝင်	၀၉-၉၆၂၆၂၅၃၃၉၉
၁၃	ဦးစိုးမင်း	ဦးထွန်းရှိန်	၁၈/သထန(နိုင်) ၀၅၄၇၅၆	၆၃	အဖွဲ့ဝင်	-
၁၄	ဒေါ်ဖြူဖြူဝင်း	ဦးစိုးသန်း	၁၈/သထန(နိုင်) ၀၅၆၅၂၂၄	၅၇	အဖွဲ့ဝင်	-
၁၅	ဒေါ်အေးအေးသင်း	ဦးစံညိမ်း	၁၈/သထန(နိုင်) ၁၈၇၃၇၁	၄၇	အဖွဲ့ဝင်	-
၁၆	ဦးဇော်နိုင်ထွေး	ဦးတင်ရီ	၁၈/သထန(နိုင်) ၀၈၉၃၃၆	၄၈	အဖွဲ့ဝင်	၀၉-၆၉၇၃၇၂၇၅၈

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၅	၆	၁၁
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၃၀	၂၈	၅၈
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၈	၂၉	၅၇
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၃၇	၂၈	၆၅
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၀၅	၃၂၈	၆၃၃
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၂	၂၂	၃၄
စုစုပေါင်း		**၄၁၇**	**၄၄၁**	**၈၅၈**
စုစုပေါင်း အိမ်ထောင်စု		**၁၂၈**		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ ဓနုကတိုက်ကျေးရွာတွင် အိမ်ထောင်စု (၁၂၈) စု၊ လူဦးရေ (၈၅၈) ဦး ရှိပါသည်။ ဓနုကတိုက်ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၁.၆၆%)၊ မူလတန်းကျောင်းသားအရွယ် (၅.၄၆%)၊ အလယ်တန်းကျောင်းသားအရွယ် (၇.၈၃%)၊ အလုပ်လုပ် နိုင်သည့်အရွယ် (၇၁.၇၇%)၊ သက်ကြီးရွယ်ကြီးအရွယ် (၄.၀၃%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၂၈.၂၃)% ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် ကျား (၂၈၅) ဦး၊ မ (၃၂၀) ဦး စုစုပေါင်း (၆၀၅) ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၇၁.၇၇)% ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသား အရင်းအမြစ် ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှု ပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်	အဓိက ဝင်ငွေရ	ရပ်တည်နိုင်မှု

		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	(မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃၄	၃၆	–	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၇၈	၈၉	၄၂	မြင့် ☐ လတ်✓ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ✓
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃	၃	၂	မြင့် ☐ လတ်✓ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ✓
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ✓
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အင်္ဂလန်ဒီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	-	မြင့် ☐ လတ်☐ နိမ့် ✓
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃	၃	၁	မြင့် ✓ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	၁	မြင့် ☐ လတ်✓ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်✓ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၂	၁	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁	၁	မြင့် ☐ လတ်✓ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	၈	မြင့် ☐ လတ်✓ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	၁	မြင့် ☐ လတ်✓ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	တက္ကသိုလ်နှင့်နီးသော ကြောင့် ကိုယ်ပိုင် အဆောင်များဖွင့်ခြင်း
	အလုပ်သမား / ကျပန်း / ရာသီအလိုက်	၆	၂၄	၂၃၈	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း	**၁၂၈**	**၁၅၉**	**၂၈၆**	☒

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။ ။ 'အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ' အရေအတွက်တွင် **'မိသားစုဝင်လုပ်အား' ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **'ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)'** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ - **'စိုက်ပျိုးရေး'** ကဏ္ဍ ၏ **'ကိုယ်ပိုင်လုပ်ငန်း'**တွင် ရပ်တည်နိုင်မှု **'မြင့်'** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ဓနုကတိုက်ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သူ ဦးရေ များပြားပြီး၊ ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စုများလည်း ရှိပါသည်။ ပန်းရံလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင် ဈေးဆိုင်များဖွင့်သည့် အိမ်ထောင်စုများလည်း ရှိပါသည်။ ကား၊ ဆိုင်ကယ်မောင်းရှင် ခရီးသည်များ ပို့ဆောင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်သူ (၅) ဦးခန့် ရှိပါသည်။ ပညာရေးဝန်ထမ်း (၈) ဦးနှင့် ကျန်းမာရေးဝန်ထမ်း (၁) ဦးရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင်ဈေးဆိုင်များ လုပ်ကိုင်ကြကာ အခြားအသက်မွေးမှု နည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စု နည်းပါးသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးသောကြောင့် တခြားဒေသများနှင့် ပြည်ပနိုင်ငံများ တွင် သွားရောက်လုပ်ကိုင်သည့် လူဦးရေ များပြားပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၀၀၀	၅၀၀၀	၅၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	၇၀၀၀	၈၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၁၀၀၀၀	-	၇၀၀၀	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၇၀၀၀	၅၀၀၀	၅၀၀၀	၃၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၁၀၀၀၀	၈၀၀၀	၇၀၀၀	၅၀၀၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။လုပ်ငန်းများတွင် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်ပြီး ကျား/မ ဝင်ငွေကွာခြားရခြင်းမှာလဲ လုပ်အားစိုက်ထုတ်နိုင်မှုအပေါ်တွင် မူတည်ပါသည်။ ပြင်ပတွင် သွားရောက်လုပ်ကိုင်သူများ၏ လုပ်ငန်းများကို မသိရှိသောကြောင့် လုပ်အားခ ပမာဏကို မသိရှိပါ။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၄၁၁	ကောင်း ☐	သင့်✓	ညံ့ ☐
ယာမြေ / တောင်ယာမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	-	ကောင်း ✓	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့်✓	ညံ့ ☐
စုစုပေါင်း	၄၁၁	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ခနုကတိုက်ကျေးရွာတွင် လယ် (၄၁၁) ဧက ရှိပြီး မြေဆီလွှာ အရည်အသွေး အသင့်အတင့် ကောင်းမွန်ပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ✓	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျောက်၊ သဲနှင့် ကျောက်စရစ်များသည် ကျေးရွာ၏အနီးပတ်ဝန်းကျင်တွင် မရှိသော်လည်း ကရင်ပြည်နယ် ဘားအံမြို့နယ် မြိုင်ကလေးကျေးရွာနှင့် မွန်ပြည်နယ် သထုံမြို့နယ် ဒုံဝန်းကျေးရွာတို့မှ အလွယ်တကူဝယ်ယူရရှိ အသုံးချနိုင်ပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၂၀ ဧက အောက်	၁၀ ဧက အောက်	၅ ဧက အောက်	မရှိ
အိမ်အခြေအနေ	တိုက်အိမ်	သွပ်မိုး၊ ပျဉ်ထောင်၊	သွပ်မိုး၊ ဝါးအိမ်	ဖက်မိုး၊ ဝါးအိမ်တိုင်
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ကား၊ ဆိုင်ကယ်၊ စက်ဘီး၊ ထော်လာဂျီ၊လက် တွန်းထွန်စက်	ကား၊ ဆိုင်ကယ်၊ စက်ဘီး၊ ထော်လာဂျီ၊ လက် တွန်းထွန်စက်	စက်ဘီး၊ ဆိုင်ကယ်	စက်ဘီး
အဓိကစီးပွားရေး လုပ်ငန်း	စပါး၊ ပဲ၊ ဈေးဆိုင်	စပါး၊ ပဲ ဈေးဆိုင်	ကုန်စုံဆိုင်	ကြံုရာကျပန်း
အိမ်ထောင်စု	၁၅	၁၅	၄၀	၅၈

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဓနုကတိုက်ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု အနည်းငယ်သာ ရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေးနှင့် ဈေးဆိုင်လုပ်ငန်းများ လုပ်ကိုင်ကြသည်။ မပြေလည်သော အိမ်ထောင်စုများသည် စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင် ဈေးဆိုင်များဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ အလွန်မပြေလည်သောအိမ်ထောင်စုများသည် ကောက်စိုက်၊ ပျိုးနုတ်စသည့် ရာသီလိုက် ကြံုရာကျပန်းလုပ်ငန်းများဖြင့် အသက်မွေးလုပ်ငန်း လုပ်ကိုင်ကြသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

.....

.....

.....

.....

.....

.....

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဓနုကတိုက်ကျေးရွာတွင် ကူညီစောက်ရှောက်မှု အထူးလိုအပ်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ မရှိသော်လည်း အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီ ကြပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဧယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဓနုကတိုက်ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပြီး ဘီးလင်းမြစ်ရေတက်သည့်အချိန်မှသာ လယ်မြေများ ရေနစ်မြှုပ်ပြီး စပါးများပျက်စီးသဖြင့် စပါးများပြန်စိုက်ရသောကြောင့် အချိန်ကုန်၊ ငွေကုန်သဖြင့် စားနပ်ရိက္ခာဖူလုံမှု အနည်းငယ် လျော့နည်းပါသည်။ မိုးရာသီတွင် ငှက်ဖျားရောဂါ ဖြစ်ပွားမှု အနည်းငယ် ရှိပြီး တီဘီရောဂါ လူနာ အနည်းငယ်ရှိပါသည်။ ကျေးရွာသူ၊ ကျေးရွာသားများသည် စည်းစည်း လုံးလုံးနှင့် အတူတကွ နေထိုင်ကြသဖြင့် ပြည်တွင်းပဋိပက္ခ များမရှိပါ။ ရာသီကူးပြောင်းမှုများတွင် ခွာနာ၊ လျှာနာရောဂါ စသည့် တိရိစ္ဆာန်ရောဂါများ ဖြစ်ပွားလေ့ရှိပြီး၊ ကြက်၊ ဝက်တုပ်ကွေး ရောဂါ များ ဖြစ်ပွားမှု အနည်းငယ် တွေ့ရပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု မရှိပါ။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ✓	လတ် ☐	နိမ့်☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ✓	လတ် ☐	နိမ့်☐	မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဓနုကတိုက်ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု အနည်းငယ် နှင့် လက်လုပ်လက်စားကျပန်းများလုပ်ကိုင်သည့် အိမ်ထောင်စု အများအပြား ရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားလွယ်နိုင်ပါသည်။ ရွှေ့ပြောင်းလုပ်သား များမှာ မိမိနေရပ်တွင် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ရန်အတွက် အခွင့်အလမ်းနည်းပါးခြင်း၊ အသက်မွေးမှုနည်းပညာ အားနည်းခြင်းတို့ကြောင့် ရွှေ့ပြောင်းသွားလာ နေထိုင်သည့် အိမ်ထောင်စု များရခြင်း ဖြစ်သည်။ ၄င်းတို့သည် အခြားဘေးအန္တရာယ်ကြုံတွေ့ပါက ထိခိုက်သက်ရောက်မှု

နည်းပါးပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေး	၁☐ ၂✓ ၃☐	၅	–	၅	ပညာရေး ✓ ငွေကြေး ☐ ကျန်းမာရေး ✓ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ✓	ကောင်း ✓ သင့် ☐ ညံ့ ☐
၂	ကျောင်းအကျိုးတော်ဆောင်	၁☐ ၂✓ ၃☐	၇	၅	၁၂	ပညာရေး ✓ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✓ ညံ့ ☐
၃	ရပ်မိရပ်ဖ	၁☐ ၂✓ ၃☐	၅	–	၅	ပညာရေး ✓ ငွေကြေး ☐ ကျန်းမာရေး ✓ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ✓	ကောင်း ☐ သင့် ✓ ညံ့ ☐
၄	လူပျိုခေါင်းအဖွဲ့	၁☐ ၂✓ ၃☐	၂၀	-	၂၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✓ ညံ့ ☐
၅	အပျိုခေါင်းအဖွဲ့	၁☐ ၂✓ ၃☐	-	၂၀	၂၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✓ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၆	အိုးသူကြီးအဖွဲ့	၁☐ ၂✓ ၃☐	၅	၃	၈	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✓ ညံ့ ☐
၇	မီးသတ်	၁☐ ၂✓ ၃☐	၃	–	၃	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ✓	ကောင်း ☐ သင့် ✓ ညံ့ ☐
၈	မိခင်နှင့်ကလေး	၁☐ ၂✓ ၃☐	-	၅	၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ✓ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✓ ညံ့ ☐
၉	အမျိုးသမီးရေးရာ	၁☐ ၂✓ ၃☐	-	၅	၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ✓ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✓ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ဓနုကတိုက်ကျေးရွာ၏ အုပ်ချုပ်မှုစီမံကွပ်ကဲမှုတို့တွင် အမျိုးသမီး ပါဝင်ခြင်း မရှိသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် အဖွဲ့များအားလုံးစုပေါင်း၍ စည်းလုံးစွာဖြင့် ဆောင်ရွက်ကြပါသည်။ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောက်ရှောက်ရေးအဖွဲ့များပူးပေါင်း၍ ကျေးရွာသို့ ကျန်းမာရေးနှင့်ပတ်သတ်၍ မြို့နယ်မှ ကွင်းဆင်းဆောင်ရွက်သည့် ကိစ္စများအား လိုက်ပါဆောင်ရွက်ပေးကြပါသည်။ မီးသတ်တပ်ဖွဲ့ဝင် (၃)ဦးမှာ ကျေးရွာအုပ်စုအတွင်းရှိ လုံခြုံရေး ကိစ္စများတွင် ပါဝင်ဆောင်ရွက်ပေးနေပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှာလည်း ကျောင်း၏ လိုအပ်ချက်များနှင့်

ကလေးများပညာသင်ကြားရာတွင် အခက်အခဲမရှိစေရန် အလေးထားဆောင် ရွက်နေပါသည်။ အိုးသူကြီးအဖွဲ့၊ လူပျိုခေါင်း၊ အပျိုခေါင်းအဖွဲ့များသည် ကျေးရွာ၏ သာရေး၊ နာရေးနှင့် အခြားသော ပရဟိတ လုပ်ငန်းများတွင် အတူတကွ စုပေါင်းလုပ်ကိုင်နေကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ကွေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၂		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ကွေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

